**နောက်ဆက်တွဲ (ခ)**

# လူမှုဖူလုံရေးအဖွဲ့အစည်းအကြောင်း

## နောက်ဆက်တွဲ(ခ-၁) - လူမှုဖူလုံရေးအဖွဲ့အကြောင်း

(က) မြန်မာနိုင်ငံ၌ အလုပ်သမားများအပါအဝင်ပြည်သူများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုများကို ပိုမိုရရှိခံစားနိုင်ရန် လူမှုဖူလုံရေးစီမံကိန်းကို ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေး အက်ဥပဒေနှင့်အညီ ၁-၁-၁၉၅၆ ရက်နေ့မှ စတင်၍ အကောင်အထည်ဖော်ခဲ့ပါသည်။ ပြောင်းလဲ တိုးတက် နေသည့်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့်အညီ လုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ရန် ၂၀၁၂ခုနှစ်၊ လူမှုဖူလုံရေးဥပဒေကို အသစ်ရေးဆွဲပြဋ္ဌာန်း၍ ၁-၄-၂၀၁၄ ရက်နေ့မှ စတင် အကောင်အထည်ဖော်ခဲ့ပါသည်။

(ခ) ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေတွင် အာမခံစနစ်၆မျိုးပြဋ္ဌာန်းထားပြီး လက်ရှိအချိန်တွင် ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်နှင့် အလုပ်တွင်ထိခိုက်မှုအာမခံစနစ် (၂)မျိုး ကို သာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ကျန်အာမခံစနစ်များကို နိုင်ငံ၏ ဖွံ့ဖြိုးတိုး တက်မှု၊ အဖွဲ့ဘဏ္ဍာရန်ပုံငွေဖူလုံမှုနှင့် ပြောင်းလဲလာသည့်လူမှုရေးလိုအပ်ချက်များအပေါ် မူတည်၍ ဆက်လက်တိုးချဲ့ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဂ) လူမှုဖူလုံရေးအဖွဲ့တွင်ဌာနခွဲ (၇) ခုရှိပြီးအကျုံးဝင်မြို့နယ်(၁၁၆) မြို့နယ် (လက်ရှိမြို့နယ် များ၏၃၀%)တွင် ရုံးစိုက်သည့်မြို့နယ်ရုံးပေါင်း (၇၈) ရုံး၊အလုပ်သမားဆေးရုံ (၃) ရုံနှင့်ဆေးခန်း (၉၆) ခန်းတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

လူမှုဖူလုံရေးအဖွဲ့
ဖွဲ့စည်းပုံ



(ဃ) လူမှုဖူလုံရေးအဖွဲ့၏ ဖွဲ့စည်းပုံတွင် အထက်ပါ ဖွဲ့စည်းတည်ဆောက်ပုံ ပြဇယားတွင် မထည့်သွင်း ထားသည့်ဒေသဆိုင်ရာ အုပ်ချုပ်ရေးနှင့် အစိုးရအဖွဲ့အစည်းများလည်း ပါဝင်ပါသည်။ ၎င်းတို့ကို 'တိုင်းဒေသကြီးနှင့်ပြည်နယ်လူမှုဖူလုံရေးရုံးများ'ဟုခေါ်ပြီး ၎င်းရုံးတစ်ရုံးစီ၏ လက်အောက်တွင် 'ခရိုင်လူမှုဖူလုံရေးရုံးများ' အများအပြားပါရှိပါသည်။ ဤအဆင့်နှစ်ဆင့်မှ မြို့နယ်ရုံးများကို စီမံ ခန့်ခွဲပါသည်။

**နောက်ဆက်တွဲ(ခ-၂) လူမှုဖူလုံရေးအဖွဲ့၏ရည်မှန်းချက်/ မျှော်မှန်းချက်**

(က) လူမှုဖူလုံရေးစီမံကိန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လူမှုဖူ လုံရေးအဖွဲ့သည် အောက်ပါအတိုင်းမျှော်မှန်းချက်နှင့် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက် လျက်ရှိပါသည်-

**မျှော်မှန်းချက် (Vision)**

(က) လူမှုဖူလုံရေးစီမံကိန်းအားတစ်မျိုးသားလုံးအကျုံးဝင်သည့်စီမံကိန်းဖြစ်စေရန်။

**ရည်မှန်းချက် (Mission)**

(က) အလုပ်သမားများ၏ ကျန်းမာရေးနှင့် လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် အလုပ်ရှင်၊ အလုပ်သမားနှင့် နိုင်ငံတော်က စုပေါင်းအာမခံပြီး နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သော အလုပ်သမားများ၏ လူမှုဘဝ လုံခြုံရေးနှင့် ကျန်မာရေးစောင့်ရှောက်မှုများကို ပိုမိုခံစားရရှိစေခြင်းဖြင့် ကုန်ထုတ်လုပ်မှု တိုးတက်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်၊

(ခ) အများပြည်သူတို့က မိမိတို့၏ဆန္ဒအလျောက်အာမခံထားရှိနိုင်ပြီး လူမှုဘဝ လုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုရရှိခံစားနိုင်စေရန်၊

(ဂ) လက်တွေ့ပကတိအခြေအနေနှင့် ကိုက်ညီသော အကျိုးခံစားခွင့်များပေးခြင်းဖြင့် လူမှုဖူလုံရေးစနစ်အပေါ် အများပြည်သူယုံကြည်ကိုးစားမှုများ ပိုမိုတိုးပွားလာစေရန်၊

(ဃ) အလုပ်ရှင်၊ အလုပ်သမားတို့က ပေးသွင်းထားသည့်အချို့သော ထည့်ဝင်ကြေးငွေများ ကိုစုဆောင်းငွေကဲ့သို့ သတ်မှတ်ချက်များနှင့်အညီ ပြန်လည်ထုတ်ယူခံစားခွင့် ရှိစေရန်၊

(င) အလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့်မကျန်းမာမှု၊ မီးဖွားမှု၊ သေဆုံးမှုနှင့် အလုပ်တွင်ထိခိုက်မှုအတွက် ငွေကြေးအကျိုးခံစားခွင့်တို့အပြင် အငြိမ်းစားယူပြီး နောက်ဆေးဝါးကုသမှု ဆက်လက်ခံယူခွင့်၊ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်၊ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစားအကျိုးခံစားခွင့်၊ ကျန်ရစ်သူအကျိုးခံစားခွင့်၊ အလုပ်လက်မဲ့အကျိုးခံစားခွင့်၊ အိမ်ရာနေထိုင်ခွင့်နှင့် ပိုင်ဆိုင်ခွင့်များကိုပါရရှိစေရန်။

**နောက်ဆက်တွဲ(ခ-၃) လူမှုဖူလုံရေးနှင့်ဆက်စပ်လျက်ရှိသောမိတ်ဖက်အဖွဲ့အစည်းများ**

(က) လူမှုဖူလုံရေးအဖွဲ့သည် အောက်ဖော်ပြပါပုံအတိုင်း အစိုးရဌာနအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုရှိပါသည်။




(ခ) လူမှုဖူလုံရေးအဖွဲ့သည် အလုပ်သမားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် လုပ်ငန်းများကို ဆောင်ရွက်ပါသည်။ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေ စစ်ဆေးရေးဦးစီးဌာနသည်လည်း ဤဝန်ကြီး ဌာနလက်အောက်တွင် ရှိပါသည်။ အကျိုးဖြစ်ထွန်းမှုများပြီး ထိရောက်မှုရှိသည့် အလုပ်သမား စည်းမျဉ်းများနှင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေတို့အကြားတွင် ဟန်ချက်ညီမှု

**နောက်ဆက်တွဲ (ခ)**

ပိုမိုတိုးတက်လာစေရန်အတွက် လူမှုဖူလုံရေးအဖွဲ့နှင့် အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာန တို့အကြား လုပ်ငန်းများကို ဟန်ချက်ညီစွာ ဆောင်ရွက်လျက်ရှိပါသည်။

- နိုင်ငံသားစိစစ်ရေးရုံးတွင် မြန်မာနိုင်ငံသားများ မည်သူမည်ဝါဖြစ်သည်ဆိုသည့် အရေးကြီး သည့် အချက်အလက်များကို ထုတ်ပေးသည်။ လက်ရှိလုပ်ငန်းစဉ်တွင် လူမှုဖူလုံရေး အဖွဲ့သည် မည်သူမည်ဝါဖြစ်သည်ဆိုသည့်အချက်အပေါ်တွင် မှီခိုပြီး မြန်မာနိုင်ငံသား အလုပ်သမားများ ကို အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးလျက်ရှိသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အမျိုးသားကျန်းမာရေးဆိုင်ရာစံနှုန်းများကို သတ်မှတ်သည်။ တစ်နိုင်ငံလုံးတွင်ရှိသော ဆေးရုံနှင့်ဆေးခန်းအများအပြားကို စီမံခန့်ခွဲပြီး အဆိုပါဆေးရုံ ဆေးခန်းအများစုမှာ အာမခံအလုပ်သမားများအသုံးပြုသည့် ဆေးရုံ/ဆေးခန်းများ ဖြစ်ကောင်း ဖြစ်နိုင်သည်။ လူမှုဖူလုံရေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့သည် အထက်ပါ အရင်းအမြစ် များကို အကောင်းဆုံးဖြစ်ရန် ပူးပေါင်းလုပ်ဆောင်ရမည်ဖြစ်သည်။ လူမှုဖူလုံရေးအဖွဲ့၏ ကဏ္ဍတစ်ရပ်မှာ အာမခံအလုပ်သမားများအတွက် လိုအပ်သော ကျန်းမာရေး ဝန်ဆောင်မှုကို အဆိုပါကျန်းမာရေးဝန်ဆောင်မှုကွန်ရက်မှ ရယူပါက ကုန်ကျစရိတ်များအား ပေးရမည့် တာဝန်ရှိသည်။
- စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အစိုးရ၏ပြည်တွင်းအခွန်နှင့် အသုံးစရိတ်များကို အုပ်ချုပ်ကွပ်ကဲသည်။ ဤနေရာတွင် လူမှုဖူလုံရေးအဖွဲ့သည် အစီရင်ခံစာတင်သွင်းရေး စည်း မျဉ်းများကို လိုက်နာရမည်။ အစိုးရ၏ဘဏ္ဍာရေးစီမံခန့်ခွဲမှုမှတစ်ဆင့် ရယူနိုင်သည့် ဘဏ် ဝန်ဆောင်မှုများနှင့် စီစဉ်ဆောင်ရွက်မှုများကို အသုံးပြုစရာလိုလာနိုင်သည်။
- အမျိုးသားစာရင်းအင်းဦးစီးဌာနသည် လူမှုဖူလုံရေးအစီအစဉ်ကို လုပ်ဆောင်နေမှုများနှင့် ပတ်သက်၍ အချက်အလက်အများအပြားကို လူမှုဖူလုံရေးအဖွဲ့ထံမှရယူရန် လိုအပ်သည်။ လူမှုဖူလုံရေးအဖွဲ့သည် လူဦးရေနှင့်စီးပွားရေးလုပ်ငန်းများ နှင့်ပတ်သက်၍ အချက်အချာ ကျသည့် သတင်းများကိုရရှိနိုင်သည်။ ထိုသို့ရရှိပါက ၎င်း၏ လူမှုဖူလုံရေး အစီအစဉ်ကို လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်နိုင်မည်ဖြစ်သည်။
- စီးပွားကူးသန်းဝန်ကြီးဌာနကို စီးပွားရေးလုပ်ငန်းမှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ အဓိက အားထားရနိုင်သည်။ လူမှုဖူလုံရေးအဖွဲ့သည် ၎င်း၏အစီအစဉ်တွင်ပါဝင်သည့် အလုပ်ခွင်ရှိ အလုပ်သမားဦးရေနှင့်ပတ်သက်၍ အရေးကြီးသည့်အချက်အလက်များကို ပေးအပ်နိုင် သည်။

- လုပ်သားအယူခံတရားရုံးသည် လူမှုဖူလုံရေးအဖွဲ့၏ တိုင်းဒေသကြီးနှင့်ပြည်နယ် လူမှုဖူလုံရေးရုံးများ လက်အောက်တွင် လုပ်ဆောင်သည့်အဖွဲ့ဖြစ်သည်။ အလုပ်သမား များမှ အကျိုးခံစား ခွင့်တောင်းခံလာသည့် ကိစ္စရပ်များနှင့်သက်ဆိုင်သည့် အချက် အလက်များကို လွယ်ကူစွာ ကြည့်ရှုနိုင်ဖို့ လိုအပ်သည်။
- လူမှုဖူလုံရေးအဖွဲ့သည် အလုပ်သမားများနှင့် မိသားစုဝင်များထံသို့ ကျန်းမာရေး စောင့်ရှောက်ကုသမှုပေးအပ်ရေးနှင့်ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများ ပေးအပ်သည့် တာဝန်ကို ဖြည့်ဆည်းရန် ကုသရေးကဏ္ဍရှိ ပါဝင်လုပ်ဆောင်ကြသူအများအပြားနှင့် ဆွေးနွေးပြောဆိုရမည်။
- စီးပွားရေး လုပ်ငန်းကိုယ်စားလှယ်များနှင့် အလုပ်သမားကိုယ်စားလှယ်များသည် ၎င်းတို့ အဖွဲ့ဝင်များ၏ အကျိုးစီးပွားကိုအကာအကွယ်ပေးသူများ ဖြစ်သောကြောင့် ၎င်းတို့သည် အရေးပါသည့် stakeholder များဖြစ်သည်။အဆိုပါ ကိုယ်စားလှယ်များမှတဆင့် စီးပွားရေး လုပ်ငန်းနှင့် အလုပ်သမားများကို လူမှုဖူလုံရေးအဖွဲ့၏ လုပ်ဆောင်ချက်များသည် မည်သို့ သက်ရောက်ကြောင်း ပြောကြားချက်များကို ကြားနိုင်မည်ဖြစ်သည်။ စနစ်တွင်ယုံကြည်မှု ရရှိစေရန် ပွင့်လင်းမြင်သာမှုသည် အဓိကကျပြီး ဤနေရာတွင် အဓိကကျသည့်အချက်မှာ အချိန်နှင့်တပြေးညီရှိပြီး အချိန်မှီအချက်အလက်များကို ပေးအပ်ရန်ဖြစ်သည်။
- အခြားသောအစိုးရအဖွဲ့အစည်းများနှင့်လည်းချိတ်ဆက်မှုရှိနိုင်သည်။

(ဂ) မြင်တွေ့ရသည့်အတိုင်း လူမှုဖူလုံရေးအဖွဲ့သည် မြန်မာနိုင်ငံအစိုးရအတွင်းရှိ ဌာနဆိုင်ရာ များနှင့် တိုက်ရိုက်ချိတ်ဆက်မှုရှိထားသည်သာမက အစိုးရအပြင်တွင်လည်းရှိပါသည်။ ဤ ပတ်သက်ဆက်နွယ်မှုများသည် အစီအစဉ်များကို အကျိုးဖြစ်ထွန်းစေပြီး အမျိုးသားအဆင့် လူမှုရေးနှင့် စီးပွား ရေးမူဝါဒများနှင့် ရေရှည်တွင် လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်ရာတွင် အရေးပါပါ သည်။

(ဃ) အခြားချိတ်ဆက်မှုများရှိနိုင်သလို ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနကဲ့သို့သော အခြားသောဌာနများနှင့်လည်း ပူးပေါင်းလုပ်ဆောင်သင့်သည်။ ဤသို့ ပတ်သက်ဆက်နွယ်မှုများကြောင့် လူမှုဖူလုံရေးအဖွဲ့သည်လိုအပ်နေသည့် အလုပ်သမားနှင့် ပြည်သူ များကို ပေးအပ်လိုက်သည့်အကူအညီနှင့်ပတ်သက်၍ အကျိုးဖြစ်ထွန်းမှုများစေရန် ထိုဝန်ကြီးဌာန များ၏ အစီအစဉ်များနှင့် synchronize လုပ်နိုင်မည်ဖြစ်သည်။

(င) လုပ်ငန်းစဉ်များနှင့် သတင်းအချက်အလက် စီမံခန့်ခွဲသည့်စနစ် (MIS) ဖြေရှင်းနည်း အတွက် ဒီဇိုင်းပုံစံရေးသားနေသည့်အခါတွင် လူမှုဖူလုံရေးအဖွဲ့နှင့် ပြင်ပဌာနအဖွဲ့အစည်းများ

နောက်ဆက်တွဲ (ခ)

အကြားအပြန် အလှန်ချိတ်ဆက်မှုကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ လူမှုဖူလုံရေးအဖွဲ့နှင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန အကြားအလွန်ရင်းနှီးသည့် ပတ်သက်ဆက်နွယ်မှုကို တွေ့နိုင်ပါသည်။

**နောက်ဆက်တွဲ(ခ-၄) လူမှုဖူလုံရေးဥပဒေနှင့် နည်းဥပဒေများ (Soft Copy)**

**နောက်ဆက်တွဲ(ခ-၅) လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းလိုအပ်ချက်များ**

(က) သတင်းအချက်အလက်စီမံခန့်ခွဲသည့်စနစ် (MIS) ဖြေရှင်းနည်းကို အဓိပ္ပါယ်သတ်မှတ်ရန် အချက် အလက်နှင့်လုပ်ငန်းစဉ်အရ လုပ်ငန်းလိုအပ်ချက်များကိုထည့်သွင်းရပါမည်။ ဤအခန်းတွင် သတင်း အချက်အလက် စီမံခန့်ခွဲသည့်စနစ် (MIS) ဖြေရှင်းနည်း၏ ဒီဇိုင်းနှင့်ပတ်သက်၍ ကွဲပြားသော ရှုထောင့်မှနေ၍ ဤလိုအပ်ချက်များအကြောင်းကို အကြမ်းဖျင်းဖော်ပြထားပါသည်။

**နောက်ဆက်တွဲ(ခ-၆) လူမှုဖူလုံရေးအဖွဲ့၏လုပ်ထုံးလုပ်နည်းနှင့်လုပ်ငန်းစဉ်**

(က) ဤတင်ဒါလမ်းညွှန်တွင် ဖော်ပြချက်အရ လူမှုဖူလုံရေးအဖွဲ့သည် အလုပ်သမားများနှင့် ၎င်းတို့ ၏ မိသားစုများအတွက် ရည်ရွယ်သည့် လူမှုဖူလုံရေးအစီအစဉ်များ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်၊ အကောင် အထည်ဖော်မှုနှင့် အဓိကသက်ဆိုင်သည်။ အောက်ပါပုံတွင်လူမှုဖူလုံရေး အဖွဲ့၏ လုပ်ထုံးလုပ်နည်း များနှင့် လုပ်ငန်းစဉ်အားလုံး အကြောင်းအကြမ်းဖျင်းဖော်ပြထားပါသည်။

လူမှုဖူလုံရေးအဖွဲ့၏လုပ်ထုံးလုပ်နည်းနှင့်လုပ်ငန်းစဉ်များ

SSB business process



## နောက်ဆက်တွဲ(ခ-၇) လူမှုဖူလုံရေးအဖွဲ့ရုံးချုပ်၏လုပ်ငန်းလိုအပ်ချက်များ

(က) လူမှုဖူလုံရေးအဖွဲ့၏ရုံးချုပ်ဌာနအသီးသီးတွင် ၎င်းတို့ကိုယ်ပိုင်လိုအပ်ချက်များရှိသည်။ အများ စုသည် အချက်အလက်စုဆောင်းရေးနှင့် အစီရင်ခံစာရေးသားတင်သွင်းရေးဟု ခေါ်သည့် နေရာတွင် လိုအပ်ချက်များရှိသလို သတင်းအချက်အလက် ချိတ်ဆက်မှုစနစ်တွင် လိုအပ်ချက်များ ရှိသည်။ အောက်တွင် လိုအပ်ချက်အသေးစိတ်ကိုဖော်ပြထားပါသည်-

**စီမံခန့်ခွဲရေးဌာန**

(ခ) စီမံခန့်ခွဲရေးဌာနအနေဖြင့် လူမှုဖူလုံရေးအဖွဲ့ရှိ ဝန်ထမ်းများအားလုံး၏ အလုပ်နေရာ ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးခြင်း၊ ပြည်ပသင်တန်းစေလွှတ်ခြင်း၊ ပြည်တွင်းသင်တန်းများ တက်ရောက်စေခြင်းစသည်တို့ကို ပြုလုပ်နိုင်ရန်အတွက်ဝန်ထမ်းတစ်ဦးစီ၏ မှတ်တမ်း အသေး စိတ်အား သိမ်းဆည်း၍ လိုအပ်သော Report များထုတ်ယူရရှိနိုင်စေရန် ဝန်ထမ်းရေးရာ စီမံခန့်ခွဲသည့် စနစ်တစ်ခုအား လုပ်ဆောင်ရပါမည်။

**ဘဏ္ဍာရေးဌာန**

(ဂ) လူမှုဖူလုံရေးအဖွဲ့ဘဏ္ဍာရေးဌာနသည် ငွေကြေးအကျိုးခံစားခွင့်များ တင်ပြတောင်းခံ သဖြင့် ပေးချေရန် ခွင့်ပြုသည့်ကိစ္စများ၊ ထည့်ဝင်ကြေးများအားဘဏ်သို့ ပေးသွင်းခြင်းနှင့် ပြန်လည်ခွင့်ပြု ပေးသောငွေကြေးအကျိုးခံစားခွင့်များဘဏ်မှ တိုက်ရိုက်ထုတ်ယူနိုင်ရေး အတွက် ဘဏ်နှင့်ဆက်သွယ် ဆောင်ရွက်ရာတွင် လုပ်ဆောင်ရန်လိုအပ်သည်များအား အဖွဲ့အစည်းများသို့ သတင်းအချက်အလက် ပေးခြင်း၊ ဝန်ထမ်းလစာ စာရင်းများရေးဆွဲပြုစုခြင်း၊ ဝင်ငွေနှင့်အသုံးစရိတ် များ၏ လချုပ်စာရင်း၊ နှစ်ချုပ်စာရင်းများ ပြုစုရေးဆွဲနိုင်ရေးအတွက် အထွေထွေလယ်ဂျာများ ပြုစုခြင်း၊ ငွေကြေးအလွဲသုံး စားမှုမရှိစေရေးနှင့် ထည့်ဝင်ကြေးငွေများ အဖွဲ့စာရင်းသို့ အပြည့်အဝ ပေးသွင်းနိုင်ရေးကြီးကြပ် ကွပ်ကဲခြင်း၊ ရန်ပုံငွေရေရှည်တည်တံ့နိုင်ရေးအတွက် စီမံခန့်ခွဲခြင်းများ ဆောင်ရွက်ရန်လိုအပ်ပါသည်။

**အာမခံဌာန**

(ဃ) လူမှုဖူလုံရေးရုံးချုပ်၊ အာမခံဌာနသည် ၂၀၁၂ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့်အညီ မြို့နယ်ရုံးခွဲ များ၏ သက်ဆိုင်ရာအကျုံးဝင်နယ်မြေများတွင် ဆောင်ရွက်နေသော အလုပ်ဌာနများ မှတ်ပုံတင် ခြင်း၊ အလုပ်သမားမှတ်ပုံတင်ခြင်း၊ ထည့်ဝင်ကြေးကောက်ခံခြင်းနှင့် အကျိုးခံစားခွင့်များ တောင်းခံခြင်းနှင့် ခွင့်ပြုထုတ်ပေးခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် မြို့နယ်ရုံးများ၏ လုပ်ငန်းဆောင်ရွက်မှုများကို စုစည်းပြီးအစီရင်ခံစာပြုစုတင်ပြခြင်း၊ လိုအပ်လျှင် လိုအပ်သလို ဥပဒေနှင့်အညီ အမိန့်နှင့်ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊ အယူခံမှုကိစ္စများ

ဆောင်ရွက်ခြင်း၊ အလုပ်တွင် ထိခိုက်မှုနှင့်ပတ်သက်၍ မြို့နယ်၊ခရိုင်၊တိုင်းဒေသကြီးမှ ဆုံးဖြတ်ရန် ခက်ခဲသည့်ကိစ္စများကို အတည်ပြုဆုံးနိုင်ရေးအဆင့်ဆင့်တင်ပြ၍ အတည်ပြုချက်ရယူခြင်း စသည်တို့ကို အဓိကဆောင်ရွက်ရပါသည်။

**သုတေသနနှင့်စီမံကိန်းဌာန**

(င) သုတေသနနှင့်စီမံကိန်းဌာနသည် မြန်မာနိုင်ငံရှိအလုပ်သမားများ အပါအဝင်ပြည်သူများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုရရှိခံစားနိုင်စေရန် တည်ဆဲဥပဒေ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ မူဝါဒနှင့်လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲချမှတ် နိုင်ရန် အမျိုးသားအဆင့်လူမှုဖူလုံရေးအဖွဲ့နှင့် အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးများကို ကျင်းပဆောင်ရွက်လျက်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ ဖြစ်သော ISSA၊ ASSA စသည့်အဖွဲ့အစည်းများနှင့် လူမှုဖူလုံရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိသော နိုင်ငံအဆင့်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လူမှုဖူလုံရေးစီမံကိန်း လုပ်ငန်းများ အကောင် အထည်ဖော်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာလူမှုဖူလုံရေး ဥပဒေများနှင့် လူမှုကာကွယ် စောင့်ရှောက် မှုဆိုင်ရာ ကောင်းမွန်သည့် ကျင့်ထုံးများလေ့လာခြင်းနှင့် သုတေသနပြုခြင်း၊ မြန်မာနိုင်ငံ၏ လူမှုကာကွယ် စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ဌာနများနှင့်ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်၏ ဘဏ္ဍာရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေဆိုင်ရာ အစီရင်ခံစာများအတွက် လူမှုဖူလုံရေးအဖွဲ့ရှိဌာနများ၊ ရုံးခွဲများ၊ ဆေးရုံ၊ ဆေးခန်း များ၏ လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ စာရင်းအင်းများ ပြုစုရေးဆွဲ ပေးပို့ခြင်း၊ ကာလတို၊ ကာလရှည် စီမံကိန်းများ ပြုစုရေးဆွဲပေးပို့ခြင်း၊ အဖွဲ့၏ နှစ်ပတ်လည် အစီရင်ခံစာများ ပြုစုခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အဖွဲ့၏ လူစွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပြည်ပသင်တန်းများသို့ ကိုယ်စားလှယ်များ စေလွှတ်ခြင်း၊ ဌာနတွင်း သင်တန်းများ ဖွင့်လှစ်ခြင်း တို့ကို စီမံချက်များရေးဆွဲ၍ ဆောင်ရွက်လျက် ရှိပါသည်။

(စ) ဖော်ပြပါလုပ်ငန်းအစီအစဉ်များအတွက် ကောင်းမွန်သည့် မူဝါဒများချမှတ်နိုင်ရန်အတွက် သက်ဆိုင်ရာဌာန၊ ရုံးများ၏ လုပ်ငန်းဆောင်ရွက်ချက်နှင့် စပ်လျဉ်းသည့် တိကျမှန်ကန်သော စာရင်း အင်းအချက်အလက်များစုဆောင်းရန်နှင့် စိစစ်အကဲဖြတ်ရန်လိုအပ်ပါသည်။ ထို့အပြင် လူမှုဖူလုံရေး ဘဏ္ဍာရန်ပုံငွေရေရှည်တည်တံ့ခိုင်မြဲရေး၊ စီမံကိန်းများတိုးချဲ့ အကောင်အထည်

ဖော်ရေး တို့အတွက် လိုအပ်သည့် တွက်ချက်ခန့်မှန်းမှုများ၊ အစီရင်ခံစာများအချိန်နှင့်တပြေးညီ ထုတ်ပြန်ရန် လိုအပ်ပါသည်။

**သတင်းအချက်အလက်နှင့်နည်းပညာဌာန**

(ဆ) သတင်းအချက်အလက်နှင့်နည်းပညာဌာနသည် IT နှင့်ပတ်သက်သည့်ထောက်ပံ့မှု၊ IT ပစ္စည်းများကို ပြုပြင်ထိန်းသိမ်းခြင်းနှင့် တိုးချဲ့တည်ဆောက်ခြင်းတို့နှင့် ပတ်သက်သည့် မူဝါဒများ နှင့်စည်းမျဥ်းများကို အဓိပ္ပါယ်ဖွင့်ဆိုရန်လိုအပ်သည်။ ၎င်း၏ဝန်ထမ်းများကို အဆက်မပြတ်လေ့ကျင့် သင်ကြားပေးနေရန်လိုအပ်သည်။

**စာရင်းစစ်ဆေးရေးဌာန**

(ဇ) ဌာနတွင်းစာရင်းစစ်ဆေးရေးဌာနတွင် ဌာနများအားလုံးမှလာသည့် အချက်အလက်များကို ရရှိရန် လိုအပ်သည်။ အစီရင်ခံစာများရေးသားပေးပို့ရန်ကိရိယာများလိုအပ်သည်။

**ဆေးဌာန**အတွက်အောက်ပါ**နောက်ဆက်တွဲ(ခ-၁၀)** တွင်ကြည့်ပါ။

**နောက်ဆက်တွဲ (ခ-၈) - တိုင်းဒေသကြီးနှင့်ခရိုင်ရုံးများ၏လုပ်ငန်းလိုအပ်ချက်များ**

(က) 'တိုင်းဒေသကြီးနှင့်ပြည်နယ် လူမှုဖူလုံရေးအဖွဲ့ရုံးများ'နှင့်'ခရိုင်လူမှုဖူလုံရေးရုံးများ' ၏ အဓိက လုပ်ဆောင်ချက်မှာ မြို့နယ်ရုံးများမှဖြည့်လိုက်သည့်အချက်အလက်များကို ရုံးချုပ်များဆီသို့ ပို့ဆောင်ရန်ဖြစ်သည်။ တင်ပြလာသောလုပ်ငန်းဆောင်ရွက်မှုများအပေါ် စိစစ်သုံးသပ်၍ တိုးတက်မှု ရှိ/ မရှိ အားနည်းချက်၊ အားသာချက်များကိုစုစည်းခြင်း၊ စစ်ဆေးခြင်း၊ အတည်ပြုချက်များပြုလုပ်၍ ရုံးချုပ်သို့ဆက်လက်တင်ပြခြင်းနှင့် ရုံးချုပ်နှင့်ရုံးခွဲကြား အချို့ ဆုံးဖြတ်ရမည့် အကျိုးခံစားခွင့်ကိစ္စများကို စိစစ်အတည်ပြု၍ ရုံးချုပ်သို့ တင်ပြခြင်းကို ဆောင်ရွက်ရပါသည်။

(ခ) နေ့စဥ်စစ်ဆေးရသည့်လုပ်ငန်းများဖြစ်သော အကျိုးခံစားခွင့်တောင်းခံခြင်း သို့မဟုတ် အာမခံကြေး/ ထည့်ဝင်ကြေးကောက်ယူခြင်း စသည်တို့ကိုတိုက်ရိုက် လုပ်ဆောင်ရခြင်း မရှိပါ။ သတင်းအချက်အလက်စီမံခန့်ခွဲသည့်စနစ် (MIS) ကိုအကောင်အထည်ဖော်လိုက်သည့်အခါ မြို့နယ်ရုံးခွဲများမှ သက်ဆိုင်ရာတိုင်းဒေသကြီးများသို့ မိမိတို့နယ်မြေအတွင်းရှိရုံးခွဲများ၏ စာရင်းများကို အချိန်တို အတွင်းတင်ပြနိုင်မည်ဖြစ်ပါသည်။

**နောက်ဆက်တွဲ (ခ-၉) - မြို့နယ်ရုံးများ၏လုပ်ငန်းလိုအပ်ချက်များ**

(က) မြို့နယ်လူမှုဖူလုံရေးရုံးများသည် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်ရာနယ်မြေအလိုက် လူမှုဖူလုံရေး စီမံကိန်းကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အဓိက လုပ်ကိုင်ဆောင်ရွက်နေရသည့် အရင်းအမြစ်အခြေခံအုတ်မြစ်များဖြစ်ပါသည်။ ဤနေရာမှစ၍ သတင်း

## နောက်ဆက်တွဲ (ခ)

အချက်အလက် အခြေပြု စနစ်တွင် ရင်းနှီးမြှုပ်နှံမှုစတင်ရပါမည်။ အလုပ်သမားများနှင့် စီးပွားရေး လုပ်ငန်းများ (အလုပ်ရှင်များ) နှင့်ချိတ်ဆက်မှုရှိသည့် လူမှုဖူလုံရေးအစီအစဉ်၏ ကဏ္ဍပေါင်းစုံနှင့် ပတ်သက်၍ အချက်အလက်များကို ကောက်ယူရမည်ဖြစ်သည်။ ၎င်းတို့သည် လုပ်ငန်းစည်းမျဉ်း များကို ချမှတ်ခြင်း၊ တိကျသည့်စာရင်းများကိုထားရှိခြင်း၊ လိုအပ်သည့်စာရင်းဇယားများပေးပို့ခြင်း စသည်တို့ကို လုပ်ဆောင်ရန် တာဝန်ရှိသည်။ ၎င်းတို့သည်အလုပ်သမားများနှင့်လုပ်ငန်းဌာနများ၏ အလုပ်ရှင် များနှင့် တိုက်ရိုက်ထိတွေ့နေသောကြောင့် အလုပ်သမားများ၏အခြေအနေကို ကောင်းစွာ သိရှိနားလည်ကြသူများဖြစ်ပါသည်။ အလုပ်သမားများကျန်းမာရေး စောင့်ရှောက်မှု ခံယူနိုင်ပြီး ဥပဒေနှင့် အညီအကျိုးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

<u>နှစ်နာကြေး ရရှိနိုင်ရန် အလုပ်သမားများကို အကူအညီပေးမည်။</u>

(ခ) လူမှုဖူလုံရေးစီမံကိန်းကို စဉ်ဆက်မပြတ်တိုးတက်အောင်မြင်နိုင်ရေးအတွက် တိကျ မှန်ကန် သည့်အချက်အလက်များရရှိနိုင်ရေးမှာ ပထမဦးဆုံးစွာမြို့နယ်ရုံးများ၏ ရှိအခြေခံ လိုအပ်ချက် များကို ပြည့်စုံစေရေးပံ့ပိုးပေးရမည်ဖြစ်ပါသည်။ (ဥပမာ။ ဝန်ထမ်းအင်အား၊ စက်ပစ္စည်း၊ ကျွမ်းကျင်မှု) လုပ်ဆောင်ချက်များကို ပံ့ပိုးရမည်။

- အလုပ်ဌာနမှတ်ပုံတင်ခြင်း
- အလုပ်ဌာနများစစ်ဆေးခြင်း
- ထည့်ဝင်ကြေးကောက်ခံခြင်း
- လူမှုဖူလုံရေးစီမံကိန်းအကြောင်းသိကောင်းစရာများအားရှင်းလင်းဆွေးနွေးခြင်းနှင့်လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုနှင့်ပတ်သက်ပြီး လိုက်နာရမည့်ကိစ္စရပ်များ၊ ကျန်းမာရေး အသိပညာပေးဟောပြောပွဲများဆွေးနွေးခြင်း၊ လူမှုဖူလုံရေးအဖွဲ့မှ အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးလျက်ရှိခြင်း၊
- အလုပ်သမားမှတ်ပုံတင်ခြင်း
- အလုပ်သမားမိသားစုဝင်မှတ်ပုံတင်ခြင်း
- အကျိုးခံစားခွင့်တောင်းခံမှုကိုစိစစ်ခြင်း
- အကျိုးခံစားခွင့်များခွင့်ပြုထုတ်ပေးခြင်း
- လိုအပ်သည့်အစီရင်ခံများထွက်နိုင်ရေးအတွက် နောက်ဆက်တွဲလုပ်ငန်းများ ဆောင်ရွက်ခြင်း
- ငွေသားစီမံခန့်ခွဲရေးနှင့်ဘဏ်အကောင့်စီမံခန့်ခွဲရေး

## နောက်ဆက်တွဲ (ခ)

- အုပ်ချုပ်ရေးအဖွဲ့အစည်းများ (ခရိုင်လူမှုဖူလုံရေးရုံးများနှင့် လူမှုဖူလုံရေးအဖွဲ့၏ရုံးချုပ်) သို့အစီရင်ခံစာ(များ) ရေးသား ပေးပို့ခြင်း

**နောက်ဆက်တွဲ(ခ-၁၀) - ဆေးဌာန၏လုပ်ငန်းလိုအပ်ချက်များ**

(က) လူမှုဖူလုံရေးအဖွဲ့၏ ဆေးဌာနသည် ဆေးရုံများနှင့်ဆေးခန်းများကွန်ရက်၏ လုပ်ငန်းဆောင်တာများကို ကြီးကြပ်ကွပ်ကဲရန်တာဝန်ရှိသည်။ ၎င်းသည်အလုပ်သမားများနှင့် ၎င်းတို့၏မိသားစုများအတွက် ကျန်းမာရေးစောင့်ရှောက်ကုသမှုဝန်ဆောင်မှု ပေးအပ်ရန်လိုအပ်သည့် အရင်းအမြစ်များကို စီစဉ်ရမည်။ ဤကျန်းမာရေးစောင့်ရှောက်ကုသမှုကွန်ရက်သို့ လာရောက်ပြသသည့် လူနာများအား ၎င်းတို့ထံသို့ ပေးအပ်လိုက်သည့် ဝန်ဆောင်မှုအတွက် ကုန်ကျစရိတ်ကို တောင်းခံရမည်ဖြစ်သည်။ ဤလုပ်ငန်းတာဝန်တစ်ခုလုံးအတွက် ကိုယ်ပိုင်အချက်အလက်အခြေပြု စနစ်တစ်ရပ်ကိုလို အပ်သည်။

(ခ) လူမှုဖူလုံရေးအဖွဲ့၏ အစီအစဉ်မှပေးအပ်သည့် ကျန်းမာရေးစောင့်ရှောက်ကုသမှုကို ရယူခွင့်ရှိသည့် အလုပ်သမားများနှင့်အကျိုးခံစားခွင့်ရှိသူများ မည်သူမည်ဝါမှန်းဖော်ပြသည့် လုပ်ငန်းစဉ်ကို အဓိက MIS နှင့်မျှဝေယူမည်ဖြစ်သည်။

(ဂ) အဆိုပြုလွှာကိုတောင်းခံသည့်အခါ ဆေးရုံတက်ခြင်း-ဆေးရုံဆင်းခြင်းနှင့် အခြားဆေးရုံသို့ လွှဲပြောင်းခြင်းစသည့် လုပ်ဆောင်ချက်တို့ပါသည့်အသင့် ရေးစွဲထားသည့် software ကိုသာလိုအပ်သည်။ အီလက်ထရောနစ်နည်းလမ်းဖြင့် မှတ်တမ်းတင်ထားသည့်လူနာမှတ်တမ်းကို လူမှုဖူလုံရေးအဖွဲ့၏ဆေးခန်းမှတ်တမ်းစနစ်အတွက် ရေးဆွဲမည့်လုပ်ဆောင်ချက်မှ ပံ့ပိုးပေးသွားမည်ဖြစ်သည်။

### လူမှုဖူလုံရေးဆေးကုသမှုနှင့်ဆိုင်သောလုပ်ငန်းလိုအပ်ချက်များ



နောက်ဆက်တွဲ (ခ)